ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

မြန်မာ့ကမ်းရိုးတန်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူ
ပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေးဗဟိုအဖွဲ့

အမိန့်ကြော်ငြာစာအမှတ် ၃ / ၂၀၂၄

၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်)

**မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသွား စက်တပ်ရေယာဉ်များနှင့် စက်မဲ့တွဲများ၏ လုပ်ငန်းလိုင်စင်ကြေး၊ ဒဏ်ကြေးနှင့် အခြားအခကြေးငွေများ သတ်မှတ်ခြင်း**

မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းကြီးကြပ်ရေးဗဟိုအဖွဲ့သည် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသွား စက်တပ်ရေယာဉ်များနှင့် စက်မဲ့တွဲများ၏ လုပ်ငန်းလိုင်စင်ကြေးများအား အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

(က) **စက်မြင်းကောင်ရေ ၂၀ ထက်မပိုသော စက်တပ်ရေယာဉ်များ**

(၁) ကုန်စည်ပို့ဆောင်ခွင့် "က" အမျိုးအစားလုပ်ငန်းလိုင်စင်ကြေး

| | အကြောင်းအရာ | တစ်စီးအတွက် တစ်နှစ် (၁၂ လ) နှုန်း |
|---|---|---|
| (ကက) | လုံးပေါင်းတန်ချိန် (၁၀) တန်အထိ | ၁၀၀၀ ကျပ် |
| (ခခ) | လုံးပေါင်းတန်ချိန် (၂၅) တန်အထိ | ၂၀၀၀ ကျပ် |
| (ဂဂ) | လုံးပေါင်းတန်ချိန် (၅၀) တန်အထိ | ၃၀၀၀ ကျပ် |

(၂) ခရီးသည် ပို့ဆောင်ခွင့် "ခ" အမျိုးအစား လုပ်ငန်းလိုင်စင်ကြေး

စက်မြင်းကောင်ရေ ၂၀ ထက်မပိုသော စက်တပ်ရေယာဉ်များ၏ ခရီးသည် ပို့ဆောင်ခွင့် "ခ" အမျိုးအစား လုပ်ငန်းလိုင်စင်ကြေးကို တင်ဆောင်ခွင့်ပြုသည့် ခရီးသည်အရေအတွက်အရ ခရီးသည်တစ်ဦးလျှင် ၁၅၀ ကျပ်နှုန်း။

(၃) စင်းလုံးငှား ပို့ဆောင်ခွင့် “ဂ” အမျိုးအစား လုပ်ငန်းလိုင်စင်ကြေး

စက်မြင်းကောင်ရေ ၂၀ ထက်မပိုသော စက်တပ်ရေယာဉ်များ၏ စင်းလုံးငှား ခရီးသည်ပို့ဆောင်ခွင့် “ဂ” အမျိုးအစား လုပ်ငန်းလိုင်စင်ကြေးကို “ခ” အမျိုးအစား လုပ်ငန်းလိုင်စင်ကြေး၏ ၇၅ ရာခိုင်နှုန်း။

(၄) ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းသုံး “င” အမျိုးအစား လုပ်ငန်းလိုင်စင်ကြေး

စက်မြင်းကောင်ရေ ၂၀ ထက်မပိုသော စက်တပ်ရေယာဉ်များ၏ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းသုံး “င” အမျိုးအစား လုပ်ငန်းလိုင်စင်ကြေးကို “က” အမျိုးအစား လုပ်ငန်းလိုင်စင်ကြေး ၏ ၅၀ ရာခိုင်နှုန်း။

**(ခ) စက်မြင်းကောင်ရေ ၂၀ အထက် စက်တပ်ကုန်တင်ရေယာဉ်များနှင့် ရုံးချုပ်မှတ်ပုံတင် ကုန်တင်ရေယာဉ်များ**

(၁) ကုန်စည်ပို့ဆောင်ခွင့် “က” အမျိုးအစား လုပ်ငန်းလိုင်စင်ကြေး

| | အကြောင်းအရာ | တစ်စီးအတွက် တစ်နှစ် (၁၂ လ) နှုန်း |
|---|---|---|
| (កក) | လုံးပေါင်းတန်ချိန် (၁၀) တန်အထိ | ၂၅၀၀ ကျပ် |
| (ခခ) | လုံးပေါင်းတန်ချိန် (၂၅) တန်အထိ | ၅၀၀၀ ကျပ် |
| (ဂဂ) | လုံးပေါင်းတန်ချိန် (၅၀) တန်အထိ | ၁၀၀၀၀ ကျပ် |
| (ဃဃ) | လုံးပေါင်းတန်ချိန် (၇၅) တန်အထိ | ၁၂၅၀၀ ကျပ် |
| (ငင) | လုံးပေါင်းတန်ချိန် (၁၀၀) တန်အထိ | ၁၅၀၀၀ ကျပ် |
| (စစ) | လုံးပေါင်းတန်ချိန် (၂၀၀) တန်အထိ | ၂၀၀၀၀ ကျပ် |
| (ဆဆ) | လုံးပေါင်းတန်ချိန် (၂၀၀) တန်အထက် တစ်တန်လျှင် | ၁၀၀ ကျပ်နှုန်း |

(၂) စင်းလုံးငှား ပို့ဆောင်ခွင့် “ဂ” အမျိုးအစား လုပ်ငန်းလိုင်စင်ကြေး

စက်မြင်းကောင်ရေ ၂၀ အထက် စင်းလုံးငှား ပို့ဆောင်ခွင့် “ဂ” အမျိုးအစား လုပ်ငန်းလိုင်စင်ကြေးကို “က” အမျိုးအစား လုပ်ငန်းလိုင်စင်ကြေး၏ ၇၅ ရာခိုင်နှုန်း။

(၃) ပင်ရှိဘဲအရသယ်ယူပို့ဆောင်ခွင့် “ဃ” အမျိုးအစား လုပ်ငန်းလိုင်စင်ကြေး

စက်မြင်းကောင်ရေ ၂၀ အထက် ပင်ရှိဘဲအရ သယ်ယူပို့ဆောင်ခွင့် “ဃ” အမျိုးအစား လုပ်ငန်းလိုင်စင်ကြေးကို “က” အမျိုးအစား လုပ်ငန်းလိုင်စင်ကြေးအတိုင်း။

(၄) ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းသုံး “င” အမျိုးအစား လုပ်ငန်းလိုင်စင်ကြေး

စက်မြင်းကောင်ရေ ၂၀ အထက် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းသုံး “င” အမျိုးအစား လုပ်ငန်းလိုင်စင်ကြေးကို “က” အမျိုးအစား လုပ်ငန်းလိုင်စင်ကြေး၏ ၅၀ ရာခိုင်နှုန်း။

**(ဂ) စက်မြင်းကောင်ရေ ၂၀ အထက် စက်တပ်ခရီးသည်ရေယာဉ်များနှင့် ရုံးချုပ်မှတ်ပုံတင် ခရီးသည်ရေယာဉ်များ**

(၁) စက်မြင်းကောင်ရေ ၂၀ အထက် စက်တပ်ရေယာဉ်များနှင့် ရုံးချုပ်မှတ်ပုံတင်ရေယာဉ်များ၏ “ခ” အမျိုးအစား လုပ်ငန်းလိုင်စင်ကြေးကို တင်ဆောင်ခွင့်ပြုသည့် ခရီးသည်အရေအတွက်အရ ခရီးရှည်ခွင့်ပြုထားသည့် ရေယာဉ်များအတွက် ခရီးသည်တစ်ဦးလျှင် ၂၀၀ ကျပ်နှုန်း၊ ခရီးတို ခွင့်ပြုထားသည့် ရေယာဉ်များအတွက် ခရီးသည်တစ်ဦးလျှင် ၁၅၀ ကျပ်နှုန်း။

ရှင်းလင်းချက်။ **ခရီးတို** ဆိုသည်မှာ ရေယာဉ်ခုတ်မောင်းချိန် ၁၂ နာရီ နှင့် ယင်းအောက် နည်းသည့် ခရီးစဉ်ကိုဆိုပြီး **ခရီးရှည်** ဆိုသည်မှာ ရေယာဉ်ခုတ်မောင်းချိန် ၁၂ နာရီထက်များသည့် ခရီးစဉ်ကိုဆိုသည်။

(၂) စက်မြင်းကောင်ရေ ၂၀ အထက် စက်တပ်ရေယာဉ်များနှင့် ရုံးချုပ်မှတ်ပုံတင် ရေယာဉ်များ၏ အပျော်စီးခရီးသည်တင် “ခ” အမျိုးအစား လုပ်ငန်းလိုင်စင်ကြေးကို ရေယာဉ်၏ လုံးပေါင်းတန်ချိန် တစ်တန်လျှင် ၂၅၀ ကျပ်နှုန်း။

(၃) Speed Boat လုပ်ငန်းလိုင်စင်ကြေးကို မြင်းကောင်ရေ ၁ ကောင်လျှင် ၁၀၀ ကျပ်နှုန်း။

(၄) စက်မြင်းကောင်ရေ ၂၀ အထက် စက်တပ်ရေယာဉ်များနှင့် ရုံးချုပ် မှတ်ပုံတင် ရေယာဉ်များ၏ ခရီးသည်စင်းလုံးငှားပို့ဆောင်ခွင့် “ဂ” အမျိုးအစားလုပ်ငန်း လိုင်စင်ကြေးကို “ခ” အမျိုးအစားလုပ်ငန်း လိုင်စင်ကြေး၏ ၇၅ ရာခိုင်နှုန်း။

(၅) ပဋိညာဉ်အရသယ်ယူပို့ဆောင်ခွင့် "ဃ" အမျိုးအစား လုပ်ငန်းလိုင်စင်ကြေး

စက်မြင်းကောင်ရေ ၂၀ အထက် ပဋိညာဉ်အရ သယ်ယူပို့ဆောင်ခွင့် "ဃ" အမျိုးအစားလုပ်ငန်းလိုင်စင်ကြေးကို "ခ" အမျိုးအစားလုပ်ငန်းလိုင်စင်ကြေးအတိုင်း။

(၆) ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းသုံး "င" အမျိုးအစားလုပ်ငန်းလိုင်စင်ကြေး

စက်မြင်းကောင်ရေ ၂၀ အထက် စက်တပ်ရေယာဉ်များနှင့် ရုံးချုပ် မှတ်ပုံတင် ရေယာဉ်များ၏ ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းသုံး "င" အမျိုးအစား လုပ်ငန်းလိုင်စင်ကြေးကို "က" အမျိုးအစား လုပ်ငန်းလိုင်စင်ကြေး၏ ၅၀ ရာခိုင်နှုန်း။

( ဃ ) **ကုန်တင်တွဲတွန်းနှင့် ကုန်တင်တွဲဆွဲရေယာဉ်များ**

(၁) ရုံးချုပ်မှတ်ပုံတင် ကုန်တင်တွဲတွန်းနှင့် ကုန်တင်တွဲဆွဲရေယာဉ်များ၏ "က" အမျိုးအစား လုပ်ငန်းလိုင်စင်ကြေးကို ရေယာဉ်၏ လုံးပေါင်းတန်ချိန်အတွက် တစ်တန်လျှင် ၁၀၀ ကျပ်နှုန်း။

(၂) ကုန်တင်တွဲတွန်းနှင့် ကုန်တင်တွဲဆွဲရေယာဉ်များ၏ "ဃ" အမျိုးအစား လုပ်ငန်းလိုင်စင်ကြေးကို ရေယာဉ်၏ လုံးပေါင်းတန်ချိန်အတွက် တစ်တန်လျှင် ၁၀၀ ကျပ်နှုန်း။

( င ) **စက်မဲ့ရေနံတင်နှင့် စက်မဲ့ကုန်တင်တွဲများ**

(၁) စက်မဲ့ရေနံတင်တွဲများနှင့် စက်မဲ့ကုန်တင်တွဲများ၏ "က" အမျိုးအစား လုပ်ငန်းလိုင်စင်ကြေးကို စက်မဲ့တွဲများ၏ လုံးပေါင်းတန်ချိန်အတွက် တစ်တန်လျှင် ၁၀၀ ကျပ်နှုန်း။

(၂) စက်မဲ့ရေနံတင်တွဲများနှင့် စက်မဲ့ကုန်တင်တွဲများ၏ "ဃ" အမျိုးအစား လုပ်ငန်းလိုင်စင်ကြေးကို စက်မဲ့တွဲများ၏ လုံးပေါင်းတန်ချိန်အတွက် တစ်တန်လျှင် ၁၀၀ ကျပ်နှုန်း။

၂။ **လုပ်ငန်းလိုင်စင်ပုံစံကြေး၊ ရက်လွန်ဒဏ်ကြေးနှင့် အခြားသတ်မှတ်ချက်များ**

( က ) စက်တပ်ရေယာဉ်နှင့် စက်မဲ့တွဲတစ်စီးချင်းအလိုက် အပိုင်း (၁) လိုင်စင်ပုံစံကြေး ၂၀၀၀ ကျပ်၊ အပိုင်း (၂) လိုင်စင်ပုံစံကြေး ၁၀၀၀ ကျပ် သတ်မှတ်ရန်။

( ခ ) စက်မြင်းကောင်ရေ ၂၀ အောက် ရေယာဉ်များ၏ လိုင်စင်ပုံစံကြေး ၁၀၀၀ ကျပ် သတ်မှတ်ရန်။

( ဂ ) သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် မှတ်ပုံတင်ပြီး (၄၅) ရက် ကျော်လွန်ပြီး လုပ်ငန်းလိုင်စင်လျှောက်ထားပါက သတ်မှတ်လုပ်ငန်းလိုင်စင်ကြေး၏ ၅၀ ရာခိုင်နှုန်း ကို ဒဏ်ကြေးအဖြစ် သတ်မှတ်ရန်။

( ဃ ) "စ" ယာယီလက်မှတ် တစ်ကြိမ် ထုတ်ပေးလျှင် ၅၀၀၀ ကျပ် သတ်မှတ်ရန်။

( င ) စက်တပ်ရေယာဉ်နှင့် စက်မဲ့တွဲများ၏ လုပ်ငန်းလိုင်စင်သက်တမ်းတိုးရန် သတ်မှတ်ရက်ထက်ကျော်လွန်လျှင် တစ်လချင်းစီအတွက် သတ်မှတ်လုပ်ငန်းလိုင်စင်ကြေး၏ ၂၀ ရာခိုင်နှုန်းကို ဒဏ်ကြေးအဖြစ် သတ်မှတ်ရန်။

( စ ) တစ်လမပြည့်သောရက်များကို တစ်လ ဟု သတ်မှတ်ရန်။

၃။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ၂၇-၁-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၁၆ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(signed) KoKoNaing

ဥက္ကဋ္ဌ(ကိုယ်စား)
အတွင်းရေးမှူး
မြန်မာ့ကမ်းရိုးတန်းနှင့်ပြည်တွင်းရေကြောင်း
သယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေးဗဟိုအဖွဲ့

စာအမှတ်၊ ရညန/ လငလစ/ အမိန့်ကြော်ငြာစာ/ ၆၃၉
ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်

**ဖြန့်ဝေခြင်း**

မြန်မာ့ကမ်းရိုးတန်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေးဗဟိုအဖွဲ့
အဖွဲ့ဝင်များအားလုံး
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပြည်တွင်းရေကြောင်းသွားရေယာဉ်ပိုင်ရှင်များအသင်း
မြန်မာကမ်းရိုးတန်းသွားသင်္ဘောပိုင်ရှင်များအသင်း
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့်ပေးပို့ပါသည်။
အမိန့်ကြော်ငြာစာတွဲ
ရုံးလက်ခံ